၂၅-ပြား

၁ - ၆၇

# မြွေဆိပ်

ညိုအေး - ရေးသည်



# မြွေဆိပ်

ညိုအေး ရေးသည်

ပန်းချီသရုပ်ဖော် - ဦးအုန်းမောင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ဟေသာ ယုမ္ဘန်



"ကျော်မောင်ရေ လာပါအုံးဟ"

အသံပြာကြီးနှင့် ဦးဘလှ၏ အော်သံကို ကြားရသည်။ မြေကြီးကို တုတ်ဖြင့် နှစ်ချက် သုံးချက် ဆင့်၍ ရိုက်သော အသံမျိုးကိုလည်း ကြားလိုက်ရသည်။

ကျော်မောင်၊ ကျော်မောင် လာပါအုံးကွ။ မင်းတို့လူငယ်တွေဟာ အရေးအကြောင်းရှိလို့ ခေါ်တာတောင် ထူးဖော် မရဘူး။ သေစရာရှိယင် သေပြီ"

"လာပါပြီ ဘကြီးလှ- လာပါပြီ။ ဘာများ ဒါလောက် အရေးကြီးနေလို့လဲဗျာ။ နွားတွေ အစာကျွေးနေလို့ပါဗျ"

"မြန်မြန် လာစမ်းပါကွ။ မြွေပွေးကြီး။ အေရာမအကောင်ကြီးဟ။ ကံကြီးပေလို့သာပေါ့ကွာ၊ ငါနင်းမိတော့မလို့၊ အမြင်စောပေလို့သာ"

"ဟာ....ဟုတ်ပါရဲ့ဗျာ။ ဒီကောင်ကြီး ထိလိုက်ရယင်တော့ ဘကြီးလှ အသေဘဲဗျို"

ကျော်မောင်သည် ပြောပြောဆိုဆိုနှင့် ဦးဘလှ၏ လက်ချက်ဖြင့် လူးလှိမ့်နေသော မြွေကို အနီးရှိ ထမ်းပိုးဖြင့် အသေ ရိုက်သတ်လိုက်သည်။

"ကျွန်တော် ပြန်လိုက်အုံးမယ် ဘကြီးလှ၊ အိမ်ဖို့ ဟင်းချက်စရာ ရှာပေးရအုံးမယ်"

"အေးကွာ- သွားပေတော့။ အခုတလော မြွေတွေ သိပ်ထနေတယ်၊ သတိထားသွားဟေ့၊ ညကျယင် အိမ်ဖက်လှည့်ခဲ့အုံးကွ"

ထိုသို့ ပြောနေစဉ် ခပ်လှမ်းလှမ်းမှ မိန်းမတယောက်၏ တုန်လှုပ်သော အော်သံကို ကြားလိုက်ကြရသည်။

"အမယ်လေး....လာကြပါအုံးရှင့်"

ကျော်မောင်နှင့် ဦးဘလှတို့သည် အသံကြားရာ ဦးတိုး၏ နွားတင်းကုပ်သို့ ပြေးခဲ့ကြသည်။

"လုပ်ကြပါအုံးတော်.... ကျွန်မသမီး နှင်းရီ နွားတွေ နေရာရွှေ့ယင်း မြွေပေါက်ခံရလို့ပါ"

နှင်းရီ၏မိခင် ဒေါ်ကြွေက လှမ်း၍ ရှိုက်သံပါကြီးဖြင့် အကူအညီ တောင်းသည်။ လူ လေးငါးယောက် နှင်းရီကို ဝိုင်းရံလျက်ရှိကြသည်။ အနီးရှိ မိန်းမကြီးတဦးက နှင်းရီအား ထဘီနှင့် လှမ်း၍ အုပ်လိုက်သည်။ ကျော်မောင်သည် မိမိ ခေါင်းပေါင်းထားသော လုံချည်အနားကို ဆုတ်ဖြဲကာ ခြေသလုံးအောက်ပိုင်းကို ခပ်တင်းတင်း စည်းပေးလိုက်သည်။

"ကျော်မောင်ရေ.... ကျောင်းဆရာလေးကို မြန်မြန် သွားခေါ်စမ်းပါ။ သူက နားလယ်တယ်ကွဲ" ဟု ဘကြီးလှကပြော၏။



ကျော်မောင်သည် ဆရာလေး၏ အိမ်ဖက်သို့ အပြေးအလွှား ထွက်လာခဲ့သည်။ ဆရာလေး၏ အိမ်ရှေ့သို့ ရောက်သောအခါ—

"ဆရာလေး ရှိလားဗျို့"

"မရှိဘူးကွဲ့။ ဈေးဝယ်ရအောင် မနက်ကဘဲ မြို့ကို တက်သွားတယ်။ ဘာကိစ္စလဲ ကျော်မောင်ရဲ့" ဟု ဆရာလေး၏ မိခင်က ပြန်မေးသည်။

"ရွာထဲက နှင်းရီ ပိုးထိလို့ ကြီးတော်ရဲ့။ ဆရာလေးက နားလည်တာမို့ လာခေါ်တာပါ"

"အေးကွယ်.... သူမရှိတာ ခက်တယ်။ ဒါပေမဲ့ အယင်တခေါက် မြို့ကိုသွားတော့ လေဒီယိုက မြွေပေါက်ယင် ဘယ်လိုကုရမယ်ဆိုတာ ပြောလို့ အဲဒါ မှတ်လာတဲ့ စာရွက်လေးတော့ ဟောဟို တခါးဝမှာ ချိတ်ထားတယ်။ လိုချင်လဲ ယူသွားလေ"

"ဟုတ်ကဲ့ ယူသွားမယ်ဗျာ။ ဆရာလေး ခဏနေမျှား ပြန်လာယင် လွှတ်လိုက်ပါအုံး။ ကဲ.... ကျွန်တော်သွားမယ်နော်"

ကျော်မောင်၏ စိတ်တွင် နေရာတကာ၌ စေ့စပ်သော ဆရာလေးအားခြီးကျူးမိသည်။ သူမရှိသော်လည်း မှတ်စုထဲမှ အချက်အလက်များကိုကြည့်ပြီး ကုမည်ဟု ဆုံးဖြတ်ကာ နှင်းရီတို့ရှိရာသို့ ဒုန်းပြေးလာခဲ့သည်။





"ဆရာလေးနဲ့ တွေ့ခဲ့လားဟေ့။ သူ လိုက်မလာဘူးလား"

ဟောဟဲ ဟောဟဲနှင့် ပြန်လာသော ကျော်မောင်အား ဦးဘလှက ဆီး၍ မေးလိုက်လေသည်။

"မတွေ့ခဲ့ဘူး ဘကြီးလှရဲ့"

"ဟာ-ဂွကျတာဘဲ"

"ဒါပေမဲ့ မြေကိုက်တဲ့အခါ ကုရမဲ့ မှတ်စုလေးတော့ ယူခဲ့တယ်။ အဲဒီတော့ ဘကြီးလှက လုပ်စရာရှိတာတွေလုပ်။ ကျွန်တော်က ဖတ်ပြမယ်ဗျာ"

"အေး- ကောင်းသားဘဲ။ ဖတ်စမ်းဟေ့ မြန်မြန်"

နှင်းရီမှာ ကြောက်စိတ်လွန်၍ သူ့မိခင်ကြီးအား မှိုလျက်မျက်စိမှိတ်ကာ မှိန်းနေသည်။ မိခင်ကြီး ဒေါ်မေမှာ သမီးအား ကြည့်၍ မျက်ရည်ကို မကြာခဏ သုတ်လျက် ရှိနေသည်။

"မောင်ကျော်မောင်ရယ်- မင်းတို့လုပ်မှာဖြင့်လဲ မြန်မြန်လုပ်ပါကွယ်။ ငါ့သမီးလေးတော့ ဒုက္ခရောက်တော့မှာဘဲ"

ကျော်မောင်က လက်ရေးနှင့်ရေးထားသော မှတ်စုစာရွက်ကလေးကို ဖြန့်လိုက်သည်။ ဘေးမှ လူများသည် ကျော်မောင်နှင့် ဦးဘလှတို့ကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေကြသည်။



"ကဲ-ဘကြီးလှ၊ ကျွန်တော်က ဖတ်မယ်။ လုပ်ရမဲ့ဟာတွေက တော့ အစီအစဉ်အတိုင်း ရေးထားတာဘဲ။ ပဌမဆုံးအချက်က မြေကြိုက်တဲ့နေရာရဲ့ အထက်ပိုင်းကို ကြိုးစတခုနဲ့ချည်ရမယ်တဲ့ဗျ"

"အေးလေ၊ ကြိုးတော့ စည်းပြီးပြီဘဲ"

"စည်းထားတာတော့ ဟုတ်ပါဘီ။ ဒါပေမဲ့ သွေးအသွား အလာရှိအောင် မိနစ် ၂၀ တခါလောက် လျှော့ပေးရမယ်တဲ့"

ကျော်မောင်က စာရွက်ကိုကြည့်ပြီး ပြောပြသည်။

"ဒီလို ကြိုးနဲ့စည်းတာက မြွေဆိပ်တွေ ကိုယ်ထဲ ပြန့်မသွား အောင် ဖြစ်မှာဘဲကွ"

ဦးဘလှက ခေတ်လူကြီးပီပီ မှန်းဆ၍ ထင်မြင်ချက် ပေး လိုက်သည်။



ဦးဘလုသည် တင်းကျပ်ကျပ်နှင့် အသေချည်ထားသော လုံချည်စကို အမြန်ပြန်ဖြုတ်၍ အရှင်ချည်လိုက်သည်။

"ကျော်မောင်ရေ.... ဆက် ဖတ်လကွာ။ နောက်ဘာတဲ့လဲ"

"နောက်လုပ်ဖို့ကတော့ နှင်းရီကို နွေးနွေးထားဖို့ပါတဲ"

"နွေးနွေးထားရမယ်ဆိုယင် ရေနွေးကြမ်း တိုက်ကွာ။ ဒီတော့မှလဲ ချွေးတွေ ဘာတွေရမယ်"

ဘေးမှ ကြည့်နေသူ တဦးက သူ့အတွေးအခေါ်နှင့် ထင်ရာကို စွတ်ပြောလိုက်သည်။

"မဟုတ်သေးပါဘူးဗျာ။ အိမ်ပေါ်သွားပီး စောင်တထည်လောက်သာ ဆွဲခဲ့စမ်းပါ။ နှင်းရီကို ခြုံပေးရအောင်"

ကျော်မောင်ကခိုင်း၍ မိန်းမပျိုတဦးက သွားရောက် ယူလာခဲ့ရာ ထိုစောင်ဖြင့် နှင်းရီကို ခြုံပေးလိုက်သည်။

မှိန်းနေသော နှင်းရီက မျက်စိကို တချက် ဖွင့်၍ ကြည့်သည်။ မျက်နှာမှာ ဖြူဖတ်ဖြူယော်ဖြစ်၍နေသည်။

"မကြောက်နဲ့ နှင်းရီ။ ဒို့လဲတတ်နိုင်သလောက် ဝိုင်းကူညီနေတာဘဲ။ နင့်အမေလဲ အနားမှာရှိသားဘဲ။ မြွေတိုင်းလဲ အဆိပ်ရှိတာမှ မဟုတ်ဘဲ"

ဦးဘလုက နှင်းရီ၏ နဖူးကို စမ်းယင်း အားပေးသည်။



တဖြည်းဖြည်းနှင့် နေလည်း အနောက်ဖက်သို့ ဝင်လုဆဲဖြစ်သည်။ နွားတင်းကုပ်ထဲ၌ မှောင်စပြုပြီဖြစ်၍ ကျော်မောင်ပင်ဖတ်လက်စ စာရွက်ကို အလင်းရောင် လာရာသို့ လှည့်၍လှည့်၍ ဖတ်နေရသည်။

"မှောင်တောင် မှောင်တော့မယ်။ နေရာပြောင်းရယင် မကောင်းဘူးလား။ အိမ်ပေါ် ခေါ်သွားပီးမှ ဆက်လုပ်တာပေါ့"

သမီးကို ပွေ့ထားရာမှ နှင်းရီ၏ မိခင်ကြီးသည် ဦးဘလှတို့အား လှမ်း၍ မေးလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်တို့ လုပ်စရာရှိတာတွေ လုပ်ပီးတော့မှ နေရာရွှေ့တာပေါ့။အခုလိုအခါမှာ တတ်နိုင်သလောက် လူနာကို ငြိမ်ငြိမ်လေး ထားရမတဲ့"

"အေးကွယ်.... အမေတို့လဲ ဒီသမီးလေးတယောက်ထဲ ရှိတဲ့ကြားက အခုလိုဖြစ်ရတော့ ထူပူပီး ဘာလုပ်ရမှန်းကို မသိတော့ပါဘူး"

နှင်းရီ၏ မိခင်ကြီးမှာ ပြောယင်း မျက်ရည်များကို သုတ်လိုက်၏။

"မစိုးရိမ်ပါနဲ့ အဒေါ်ရယ်။ အခုနေမှာ လှုပ်လိုက်ရှားလိုက်လုပ်ယင် အဆိပ်တွေ ကိုယ်ထဲ ပြန့်သွားမှာစိုးလို့ပါ။ နောက်တော့ နေရာရွှေ့နိုင်ပါလိမ့်မယ်"



“ကဲ-ဘကြီးလှ၊ နောက်ဆက်ပီး ဒဏ်ရာရတဲ့နေရာကို ရေနဲ့ ဆေးပေးရမယ်တဲ့။ ဟဲ့-ဟိုဖက်ကကောင်လေး၊ အိမ်ပေါ်သွား စမ်း။ ရေဇလုံနဲ့ ရေထည့်ခဲ့။နောက်ပီး ဆပ်ပျာပါ မြန်မြန်ရှာယူခဲ့ စမ်း”

ကျော်မောင်က ဦးဘလှကိုလှမ်းပြောလိုက်၊ ခိုင်းစရာရှိသည်ကို ခိုင်းလိုက်နှင့် အလုပ်ရှုပ်လျက် ရှိသည်။

မကြာမီပင် ခိုင်းလိုက်သော သူငယ်လေး ပြန်ရောက်လာ၍ ရေထည့်ထားသော ဇလုံနှင့် ဆပ်ပျာခဲ တခဲ ပါလာသည်။

“ရေဇလုံပေးစမ်း။ မင်းတို့က အလုပ်လုပ်တာ တယ်နှေး တာကိုး။ ဆပ်ပျာကိုတော့ မင်းဘဲ ကိုင်ထားအုံး”

ဦးဘလှက ရေဇလုံကို လှမ်းဆွဲယင်း ပြောလိုက်သည်။ ထို နောက် နှင်းရီ၏ ဒဏ်ရာရှိသော ခြေထောက်ကို ရေဇလုံတွင် စိမ် ပြီး ဆေးပေးလေသည်။

“ဆပ်ပျာနဲ့တိုက်ပီး စင်အောင်ဆေးပေးပါအုံး ဘကြီးလှရ။ ဒီတော့မှ အရေပြားပေါ်မှာရှိနေတဲ့ အဆိပ်တွေ ပါသွားမှာ။ စာ အရကတော့ ရေမရယင် စတွေးနဲ့ဖြစ်ဖြစ် ကျင်ငယ်ရေနဲ့ဖြစ်ဖြစ် တောင် ဆေးပေးရမတဲ့”



"ဆက်ဖတ်စမ်းပါအုံးကွ။ အနာနေရာကိုတော့ ဆပ်ပြာနဲ့ အသေအချာ ဆေးပီးပါပီ"

"ရေဆေးပီးယင် ဒဏ်ရာရတဲ့နေရာကို ခွဲရမယ်တဲ့။ အဒေါ် အဒေါ်တို့အိမ်မှာ ဓားထက်ထက်များ မရှိဘူးလား"

နှင်းရီ၏မိခင်အား တဆက်တည်း လှမ်း၍ မေးလိုက်သည်။

"ဟဲ့ရွှေငွေး၊ မင့်ဦးလေး ခေါင်းရင်းမှာ မုတ်ဆိတ်ရိတ်တဲ့ သင်ဓုန်းဓားရှိတယ်။ သွားယူစမ်းမြန်မြန်"

ထိုအချိန်တွင် မှိန်းနေသော နှင်းရီက မျက်စိဖွင့်၍ "ကျမအနာကို ဓားနဲ့ ခွဲအုံးမလို့လား အမေရဲ့" ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် မပွင့်တပွင့် မေးရှာသည်။

"အောင့်ခံလိုက်ပါ သမီးရယ်။ နာမှာက ခဏလေးပါ"

ထိုအခိုက်တွင် သင်ဓုန်းဓား သွားယူသောသူငယ် အပြေးအလွှား ရောက်လာ၍ ကျော်မောင်အား လှမ်းပေးလိုက်သည်။

ကျော်မောင်သည် မီးခြစ်ကိုခြစ်၍ သင်ဓုန်းဓားသွားကို မီးကင်ပြီးနောက် ဦးဘလှအား ကမ်းပေးလိုက်သည်။

ဦးဘလှသည် ဒဏ်ရာနေရာတွင် အရှည်တလက်မ အနက်စပါးလုံး တထောက်ခန့်ထိအောင် ရဲဝံ့စွာ ခွဲချလိုက်၏။

"အမယ်လေးအမေရဲ့" ဟု နှင်းရီသည် အသံထွက်အောင်ပင် အော်မိလေသည်။



"ဘကြီးလှ ခွဲတဲ့နေရာက သွေးကောင်းကောင်း ထွက်ရဲ့လား။ သွေးထွက်မှ အတွင်းရောက်သွားတဲ့ မြွေဆိပ်တွေ သွေးနဲ့အတူ ပြန်ထွက်နိုင်မယ်"

"နဲနဲဘဲ ထွက်တယ်ကွ"

"ဒီလိုဆိုယင် အထက်က ချည်ထားတဲ့ အဝတ်ကြိုးကို နဲနဲလျှော့ပေးဗျာ"

ဦးဘလှက ကျော်မောင် ပြောသည့်အတိုင်း ကြိုးကို အနည်းငယ် လျှော့လိုက်မှ သွေးများ ပို၍ ထွက်လာသည်။

"သွေးတော်တော်လေးထွက်ယင် တော်လောက်ပါပြီ။ သွေးအလွန်အမင်း မထွက်စေရဘူးတဲ့။ နောက်ထပ် လုပ်ရမှာက ခွဲပြီးတဲ့နေရာက သွေးကို ပါးစပ်နဲ့ ဖြစ်ဖြစ်၊ တခြားတနည်းနည်းနဲ့ဖြစ်ဖြစ် စုတ်ထုတ်ဖို့ဘဲ။ ပါးစပ်နဲ့ စုတ်ရဲတဲ့ လူများ ရှိသလား။ ကျွန်တော်ကတော့...." ဟု ကျော်မောင်၏ စကားမဆုံးမီ နှင်းရီ၏ မိခင်က –

"အဒေါ် စုတ်ပါ့မယ်ကွယ်-။ မင်းကသာ မင့်ညီမကို ခဏကိုင်ထားပေးပါ"

"ဟာ- အဒေါ်စုတ်လို့ ဘယ်ဖြစ်ပါ့မလဲ။ အဒေါ်က ရေစီးကမ်းပြို ရှိနေတာဘဲ။ ဒီလိုစုတ်တဲ့အခါ ပါးစပ်မှာ အနာအဆာ မရှိရဘူးတဲ့"

သမီးအတွက် အရဲစွန့်သူ မိခင်ကြီးကိုကြည့်၍ ကျော်မောင်က သနားမိသည်။ အမှန်အားဖြင့် သူ၏ပါးစပ်တွင်လည်း အနာရှိသည်။

"နေပါစေတော့ ကိုကျော်မောင်ရယ်။ ဒီလောက်နဲ့တော်ရောပေါ့။ အတော်လေး သက်သာနေပါပြီဘဲ"

နှင်းရီက ဝေရီသော မျက်လုံးဖြင့် လှန်၍ ကျော်မောင်ကို ကြည့်ပြီး ပြောလိုက်၏။ စာကိုဖတ်နေသော ကျော်မောင်သည် အခြားနည်း ရှိ မရှိကို စာရွက်ထဲတွင် အရေးတကြီး ရှာနေ၏။

"အဲ.... တော်သေး၏" ဟု ကျေနပ်သံဖြင့် ကျော်မောင်က လွှတ်ခနဲ ပြောလိုက်ပြီးမှ "ရွှေဒွေးရေ၊ အိမ်ပေါ်တက်ပြီး အဝန်းနဲ့ ကျယ်တဲ့ ပုလင်းတလုံးလောက် သွားရှာစမ်းပါအုံး"

ကျော်မောင် မည်သို့ ပြုလုပ်မည်ကို မသိ၍ အခြားလူများက ဝိုင်း၍ ကြည့်နေကြသည်။

ရွှေဒွေး ယူလာသော ပုလင်းကို ကျော်မောင်က လှမ်းယူလိုက်ပြီး ပုလင်းအတွင်းသို့ စက္ကူစတခုကို မီးရှို့၍ ထည့်လိုက်သည်။ မီးငြိမ်းသောအခါ၌ ပြာများကို သွန်ပစ်၍ ပုလင်းဝကို အနာပေါ်သို့ မှောက်ချလိုက်သည်။

အနာမှသွေးများ ပါးစပ်ဖြင့်စုတ်ထုတ်သကဲ့သို့ ထွက်၍လာ၏။





"ကဲ-ဘကြီးလှ၊ ဆရာလေးရဲ့ မှတ်စုအတိုင်း ကျွန်တော်တို့ လုပ်သင့်တာတွေ အားလုံးကို လုပ်ခဲ့ပြီးပြီ။ နောက် လုပ်ရမှာက တော့ အနီးအနားမှာ ဆရာဝန်ရှိယင် ဆရာဝန့်ဆီ ပို့ရမယ်တဲ့"

ကျော်မောင်က ဆေးပေါ့လိပ်ကို မီးညှိ၍ တရှိုက်နှစ်ရှိုက်ဖွာ ယင်း ဦးဘလှအား ပြောလေသည်။

"အေးကွာ- ဆရာလေးရဲ့ ကျေးဇူးကလဲ ကြီးမားလှပါတယ်။ သူက ဒို့လိုမဟုတ်ဖူး။ မှတ်သားစရာ ရှိယင် မှတ်သားပြီး သူ့နေရာ နဲ့သူ အသုံးချတတ်တဲ့ လူတယောက်ဘဲ။ အခုကြည့်ပါလား၊ သူ့ မှတ်စု စာရွက်ကလေး တခုတောင် ဒို့အတွက် ဘယ်လောက် အကျိုး များသလဲလို့"

"ကျွန်တော်လဲ အရင်တခါ ဆရာလေး လူတယောက်ကို ဒီလို ဘဲ ကုလိုက်တယ်ဆိုတာ ကြားမိပါရဲ့။ အခုမှ လက်တွေ့လုပ်လိုက်ရ တယ်။ ညီမလေး ဘယ့်နဲ့နေသေးလဲ"

နှင်းရီကပြုံး၍ "အတော်ဘဲ သက်သာပါပြီအကိုကြီး။ အကို ကြီးနဲ့ ဘကြီးလှတို့ရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်"



နေလည်း လုံးလုံးပျောက်ကွယ်ခဲ့ပြီ။ ညနေစောင်းကတည်းက နွားတင်းကုပ်မှ အပြင်သို့ မထွက်ကြရသေး။ ဖြစ်စက အားလုံးပင် သွေးဆူ၍ စိုးရိမ်ခဲ့ကြသည်။ ယခုတော့ နှင်းရီသက်သာလာ၍ အသက်ရှူ ချောင်ကြပြီဖြစ်သည်။

"မောင်ကျော်မောင်နဲ့ ဦးဘလှတို့ ကျေးဇူးကြောင့်ပါဘဲကွယ်....နို့ မို့ယင်တော့ မတွေးဝံ့အောင်ပါဘဲ။ နှင်းရီတို့ အဖေလဲ ဟိုဖက်ရွာ သွားတာ ခုထိ ပြန်မလာသေးဘူး။ ပြန်လာယင် ဒီအကြောင်းတွေ ပြောပြရအုံးမှာဘဲ"

နှင်းရီ၏ မိခင်ကြီးက ကျေးဇူးတင်စကား ပြောပြန်သည်။

ကျော်မောင်က မျက်နှာမှ ချွေးများကို လက်နှင့်သုတ်ယင်း "ကိစ္စမရှိပါဘူးဗျာ။ ကူညီရမဲ့နေရာမို့ အကူအညီ ပေးရတာဘဲ" ဟု ဆိုလိုက်သည်။

အရပ်ထဲတွင် လူပျိုခေါင်းအဖြစ်နှင့် လူတိုင်းသိနေသူ ကျော်မောင်မှာ အပြောသမားမဟုတ်ဘဲ အလုပ်သမားသာ ဖြစ်သည်။ လူကြီး လူငယ် လူရွယ် ဟူ၍ မခွဲခြားဘဲ ကိစ္စရှိလျှင် တတ်နိုင်သည့်ဖက်မှ ကူညီသူဖြစ်လေသည်။



"အမယ်လေး- လုပ်ကြပါအုံးဗျ"

နေရာရွှေ့မည်ဟု ဟန်ပြင်နေသော ကျော်မောင်နှင့် ကျန်လူများသည် နွားတင်းကုပ်၏ အပေါက်ဝဆီသို့ လှမ်း၍ကြည့်လိုက်ကြသည်။ ရေနံဆီ မီးခွက်မှ မီးရောင်နှင့် အနည်းငယ် ဝေးနေသဖြင့် အလင်းကောင်းကောင်း မရသောနေရာ၌ လူတယောက် ခြေထောက် တဆတ်ဆတ် ခါနေသည်ကို မြင်ကြလေသည်။

အားလုံးပင် မြေကို အာရုံစိုက်နေချိန်ဖြစ်၍ စိုးရိမ်မကင်းစွာနှင့် မိမိတို့ခြေထောက်အနီးအနားသို့ ငုံ့ကြည့်ကြသည်။

ကျော်မောင်သည် မီးခွက် လှမ်းယူလိုက်ပြီးနောက် မှောင်ရိပ်ထဲက ထိုလူရှိရာသို့ ခပ်သွက်သွက် သွားလေသည်။

"ဆရာလေးပါလား။ ဘာဖြစ်လို့လဲ ဆရာလေးရဲ့"

"ဘာမျှားလဲ မသိပါဘူးဗျာ။ ရုတ်တရက် နင်းမိတာ၊ ခါချလို့ကို မရဘူး။ ကြည့်ကြစမ်းပါအုံး"

တုန်တုန်ရီရီနှင့် ဆရာလေးကပြော၍ ကျော်မောင်သည် မီးခွက်ကို နှိမ့်ပြီးကြည့်လိုက်ရာ ဆရာလေး၏ ဖနောင့်တွင် အုန်းမှုတ်ခွက် တခြမ်းပဲ့ကြီးတခု စွပ်နေသည်ကို တွေ့ရလေသည်။



"လန့်လိုက်တာဗျာ- မြွေများလားလို့။ မို့ကအပြန့်အမေက ပြောတာနဲ့ ချက်ခြင်း လိုက်လာခဲ့တာဘဲ"

"ဖြစ်ဖြစ်ချင်း ဆရာလေးဆီ ကျွန်တော်တို့ ပြေးလာတာဘဲ။ ဆရာလေး မှတ်စုအတိုင်း လုပ်လို့ နှင်းရိလဲ အတော် သက်သာ နေပါပီ"

ဆရာလေးက ကျော်မောင်ပြောသော စကားများကို စိတ်ဝင်စားဟန်မတူ။ ဖနောင့်မှ ခွါယူလိုက်သော အုန်းမှုတ်ခွက်ကို သာ အပြန်ပြန်အလှန်လှန် ကြည့်နေပြီး–

"ကိုကျော်မောင်၊ ခင်ဗျာ့ မီးခွက် ပြစမ်းဗျာ"

ဆရာလေးက ကျော်မောင်ထံမှ မီးခွက်ကို လှမ်းယူ၍ အုန်းမှုတ်ခွက်ကို အသေအချာကြည့်ပြီး "ဟောဒီအစွန်းထက်ထက်မှာ ဘာလေးပါလိမ့်၊ ကြည့်စမ်းပါအုံး" ဟု မေးလိုက်သည်။

"သွေးစလေး ပေလို့ပါလား၊ ဘယ်ကများပါလိမ့်"

"အော်-အော်- အဲလေ၊ အုန်းမှုတ်ခွက်ကိုး....တကယ်မြွေကိုက် တော့လဲ လုပ်တတ် ကိုင်တတ်သွားတာပေါ့လေ" ဟု ဆရာလေး က တိုးတိုးပြောလိုက်သည်။

ဦးဘလှနှင့်ကျော်မောင်တို့မှာ ဆရာလေး၏စကားအဓိပ္ပါယ် ကို နားမလည်၍ တဦးမျက်နှာ တဦးကြည့်ကာ ကြောင်တောင် တောင် ဖြစ်နေကြလေသတည်း။ ။

မြွေကိုက်လျှင် အခြေခံ ပြုစုရမည့် အချက် အလက်များ ဖော်ပြခဲ့သော "မြွေဆိပ်" ဝတ္ထုကို ဖတ်ပြီးနောက်–

★ အစာအာဟာရအတွက် လမ်းညွှန်ပြသော "အစာလည်းဆေးတပါး" ဝတ္ထု

★ ဂုံလျှော်စိုက်ပျိုးရေးကိုညွှန်ပြသော "တပ်ကြပ်ကြီးမောင်ပွ"ဝတ္ထု ....

★★ ကျွဲနွားရောဂါနှင့်ပတ်သက်သော "တိမ်ပုံ"ဝတ္ထု .... .... ...

များကို ဆက်လက် ဖတ်ပါ။ ။

အခြားပြည်သူ့ လက်စွဲစာစဉ်များကို
အမြို့မြို့ဆိုင်တိုင်းတွင်မေးဝယ်ပါ။

‘အပြစ်ကင်းစင်၊ ကြားအမြင်၊ များငြှ မင်္ဂလာ’’

## နောက်ဆုံးထုတ် ပြည်သူ့လက်စွဲ စာစဉ်များ

**မြွေဆိပ်** ။ ။ အခြေခံမြွေဆိပ်ကုသနည်း
(အဖိုး ၂၅ ပြား)

**ငွေရှင်မက်သူ** ။ ။ ငွေရှင်မက်၍ အခက်တွေ့သူ
(အဖိုး ၂၅ ပြား)

**သားတို့ရုပ်ရည်**။ ။ သားသမီး အပေါ်တွင် တားရှိသော
စာရေးဆရာ ရန်အောင်၏ မိဖမေတ္တာဖွဲ့ ဝတ္ထုတပုဒ်။

ပြည်သူ့လက်စွဲစာစဉ်များကို သိမ်းထားလျှင်
စာကြည့်တိုက်ကလေးတခုဖြစ်နိုင်ပါသည်။